ချွန်းတောင်ကျေးရွာအုပ်စု၊ချွန်းတောင်ကျေးရွာ
ထီးချိုင့်မြို့နယ်
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ချွန်းတောင်ကျေးရွာအုပ်စု၊ချွန်းတောင်ကျေးရွာ၊ ထီးချိုင့်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ထီးချိုင့်မြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဇူလိုင်

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ချုန်းတောင်ကျေးရွာ သယံဇာတပြမြေပုံ၊ ထီးချိုင့်မြို့နယ်	၅
	ချုန်းတောင်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန် ထီးချိုင့်မြို့နယ်	၆
	ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလ သတ်မှတ်ချက်ဇယား	၇
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၈
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၈
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၈
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၉
	(က) သီးနှံ စိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၀
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၀
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၁၀
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၁
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၁
၆။	**ပညာရေး**	၁၁
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၁
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၂
၉။	**ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**	၁၂
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၆
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၃
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၅
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေး.သော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများ နှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက် အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ် သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီ အစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ


ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ နှစ်စဉ် ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြုဇယားစသည် တို့ကိုအဓိကထား ဖော်ပြထားပါသည်။

ဇူလိုင်လ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ချွန်းတောင်ကျေးရွာ
ထီးချိုင့်မြို့နယ်

ထီးချိုင့်မြို့နယ်၊ ချွန်းတောင်ကျေးရွာ သယံဇာတပြမြေပုံ



ချွန်းတောင်ကျေးရွာအုပ်စု၊ ချွန်းတောင်ကျေးရွာ၏ ရာသီခွင်ပြပြကွဒိန် ၊ ထီးချိုင့်မြို့နယ်

စဉ်	အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီးတင်းကျွတ်	တန်ဆောင်းမုန်း	နတ်တော်	ပြာသိုလ်	တပို့တွဲ	တပေါင်း
၁	စိုက်ပျိုးရေး	နွေစပါး ပဲမျိုးစုံ ရိတ်သိမ်း	နွေစပါး ပဲမျိုးစုံ ရိတ်သိမ်း	မျိုးကြဲ	မိုးစပါးစိုက်	မိုးစပါးစိုက်	မိုးစပါးစိုက်	ပဲမျိုးစုံ စိုက်	မိုးစပါးစိုက် သိမ်း ပဲမျိုးစုံစိုက်	မြေပဲစိုက်	နွေ၊ စပါး စိုက်	ပဲမျိုးစုံ ရိတ်သိမ်း	ပဲမျိုးစုံ ရိတ်သိမ်း
၂	မွေးမြူရေး	-	ဝက်တုတ် ကွေး၊ နားရွက် ပြာ	ဝက်တုတ် ကွေး၊ နားရွက် ပြာ	-	-	ခွာနာ၊လျှာနာ	ခွာနာ၊လျှာနာ	-	-	-	-	-
၃	တျန်းမာရေး	-	-	-	ငှက်ဖျား တုတ်ကွေး	ငှက်ဖျား တုတ်ကွေး	-	-	-	-	-	-	-
၄	ပညာရေး	ဓမ္မစကူးလ် သင်တြားခြင်း	ဓမ္မစကူးလ်	ကျောင်းဖွင့်	ကျောင်း သား	ကျောင်း သား	ကျောင်း သား	ကျောင်းသား သီးတင်းကျွတ် ကျောင်းပိတ်	ကျောင်း သား	ဒီဇင်ဘာ ကျောင်း ပိတ်	ကျောင်း သား	ကျောင်း သား	ကျောင်းသား ဓမ္မစကူးလ်
၅	ရာသီဥတု	နေပူ	နေပူ	နွေ မိုးစ	မိုးရွာ	မိုးရွာ	မိုးရွာ	မိုးရွာ နှင်းကျ	နှင်းကျ	နှင်းကျ	နှင်းကျ	နှင်းကျ	နေပူ
၆	ပွဲတော်	သင်္ကြန်ပွဲ	ညောင်ရေ သွန်းပွဲ	-	ဝါဆို သက်န်း ကပ်ပွဲ	-	-	သီးတင်းကျွတ် မီးထွန်းပွဲ	ကထိန်ပွဲ	-	-	ထမနဲပွဲ	-
၇	တောင်သူဝင်ငွေ	ဝဝဝဝဝ	ဝဝဝဝဝ	-	-	-	-	-	-	ဝဝဝဝဝ ဝဝဝဝဝ	ဝဝဝဝဝ ဝဝ	ဝဝဝဝဝ ဝ	ဝဝဝဝဝ ဝဝဝဝဝ
၈	တောင်သူထွက်ငွေ	ဝဝဝဝဝ ဝ	ဝဝဝဝဝ ဝ	ဝဝ	ဝဝဝဝဝ	ဝဝဝဝဝ	ဝဝဝဝဝ	ဝဝဝဝဝ ဝ	ဝ	ဝဝဝဝဝ	ဝဝဝဝဝ	ဝဝဝဝဝ	ဝဝဝဝဝ
၉	နေ့စားဝင်ငွေ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ
၁၀	နေ့စားထွက်ငွေ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ

48MP AI QUAD CAMERA

နောက်ဆက်တွဲ(၁)

ထီးချိုင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချိန်းတောင်ကျေးရွာအုပ်စု၊ ချိန်းတောင်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေးအဆင့်	၁၉-၂၀	၂၀-၂၁	၂၂-၂၃	၂၃-၂၄	၂၄-၂၅
၁	၂" Ø pvc ၂၀၀'၊(၁၀' × ၈' × ၈' ၀")၊ လီတာ(၅၀၀)ဆံ့ ရေသန့်စက် တပ်ဆင်ခြင်း။	၁					
၂	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၂					
၃	စာကြည့်တိုက်ဆောက်လုပ်ခြင်း	၃					
၄	ကျေးရွာတွင်းလမ်းများကွန်ကရစ်လမ်းခင်းခြင်း	၄					
၅	ကျောင်းခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်း	၅					

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ချွန်းတောင်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၏ ချွန်းတောင်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ အမှတ်(၃)ခရိုင်ချင်းဆက်လမ်း၏ အရှေ့ဘက်တွင်တည်ရှိပြီး မြို့နှင့်(၁၀)မိုင်ခန့်ကွာဝေးပါသည်။ကျေးရွာ၏ အရှေ့ဘက်တွင် မဲဇာချောင်း၊ အနောက်ဘက်တွင် မင်းဝံတောင်တန်း၊မြောက်ဘက်တွင် ငွေးပင်ချောင်းကျေးရွာတို့ တည်ရှိပါသည်။ဧရာဝတီမြစ်ရှိပါသည်။ကျေးရွာတွင် ဗမာ လူမျိုးများ ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ ဒေသ၏တစ်နှစ်ပျဉ်းမျှမိုးရေချိန်သည် လက်မ(၆၀)နှင့်(၈၀)ကြားတွင်ရှိပါသည်။ လယ်မြေထက် ကိုင်းကျွန်းမြေကပိုမိုများပြားပါသည်။ကိုင်းကျွန်းမြေများသည် မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ မြေပဲ၊မြေတောက်ပဲ၊ ပဲရင်း တို့ကို အဓိက စိုက်ပျိုးကြပြီး စပါး၊နေကြာ၊နှမ်းတို့ကိုလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ဂေါပကအဖွဲ့ (ကျား - ၁၀ဦး) နှင့်ပြည်သူ့စစ်နှင့်မီးသတ်အဖွဲ့(ကျား - ၅၀)ဦးတို့သည် ကျေးရွာ၏ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းစည်းလုံးလုံးဖြင့် လုပ်ဆောင်နေကြပါသည်။ကျောင်းကော်မတီနှင့် ကျောင်းသားမိဘအဖွဲ့ (ကျား -၃၀) ဦးသည် ကျေးရွာစာသင်ကျောင်းရှိဆရာ/ဆရာမ များနှင့်ပူးပေါင်း၍ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ဆူးပုံချောင် ကျေးရွာကျေးရွာဖွံ့ဖြိုးရေးအတွက်ဖေါ်ပြပါအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကူညီဖေးမ လက်တွဲညီညာစွာ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ချွန်းတောင်ကျေးရွာသည် (၂.၅)ကေအောက်ဆင်းရဲသားတောင်သူ (၃၄) အိမ်ထောင်စု၊ (၂.၅)ကေနှင့် (၅)ကေကြားတောင်သူငယ် (၅၉)အိမ်ထောင်စု၊ (၅)ကေနှင့် (၁၂.၅)ကေကြား (၇၆)အိမ်ထောင်စု၊(၁၂.၅)ကေနှင့်အထက် ပိုင်ဆိုင်သူတောင်သူကြီး (၃၄)အိမ်ထောင်စု စသည် တို့ရှိကြပြီး အဓိကအားဖြင့် မြေပဲ၊မြေတောက်ပဲနှင့် ပဲရင်းတို့အား အဓိက ထားစိုက်ပျိုးကြပါသည်။ စပါး ၊နေကြာနှင့်နှမ်းတို့ကိုလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာအဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေးအရင်းမြစ်နည်းပါးသောကြောင့် နွေရာသီတွင် သီးနှံစိုက်ပျိုးခြင်းနည်းပါးပါသည်။ မြေပဲအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၂၅)တင်းထွက်ရှိပြီးမြေတောက်ပဲ အထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ(၂၀)တင်းထွက်ရှိပြီး ပဲရင်းအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ(၂၀)တင်း ထွက်ရှိပါသည်။ကျေးရွာတွင် လက်တွန်းထွန်စက် (၃၉)စီး၊ခွေလှေ့စက် (၆)လုံး၊မြက်ရိတ်စက် (၃)လုံးနှင့် ရေစုပ်စက် (၁၈)လုံးရှိပါသည်။အဖွဲ့ပိုင်ထွန်စက်၊ ရိတ်သိမ်းခွေလှေ့စက်မရှိပါ။ အချို့သောတောင်သူများသည် ကျေးရွာရှိစက်များကို ငှါးရမ်းလုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန် တောင်သူများတွင် သဘာဝရေမြေရာသီဥတုအနေအထား သည်အခြေအနေကောင်းကိုပိုင်ဆိုင်ထားသော်လည်း စိုက်ပျိုးရေးနည်းပညာ အသုံးပြုနိုင်မှု အားနည်းခြင်း၊ရောဂါပိုးမွှားများအား မကာကွယ်နိုင်ခြင်း၊မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိပ်ဆက်နိုင်မှုအားနည်းခြင်းတို့ကြောင့် လက်ရှိတွင်တောင်သူတစ်ဦးမှ ကောင်းသည် ဆိုသော ပိုးသတ်ဆေး၊ဓါတ်မြေဩဇာ၊အားဆေးများကိုသာ လိုက်၍သုံးစွဲနေကြခြင်းစသည့် အခြေအနေများကြောင့် သီးနှံအထွက်နှုန်း လျော့နည်းခြင်းဖြစ်ရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ချွန်းတောင်ကျေးရွာတွင် နွားမွေးမြူထားသည့်အိမ်ထောင်စု (၁၀၅)အိမ်ရှိပြီး နွားကောင်ရေ (၄၆၁)ကောင်၊ ကျွဲမွေးမြူထားသည့်အိမ်ထောင်စု (၁၂)အိမ်ရှိပြီး ကျွဲကောင်ရေ (၆၂)ကောင်၊ ဝက်မွေးမြူထားသည့်အိမ်ထောင်စု (၆၃)အိမ်ရှိပြီး ဝက်ကောင်ရေ (၁၆၅)ကောင်၊ ဒေသကြက်မွေးမြူထားသည့်အိမ်ထောင်စု (၁၉)အိမ်ရှိပြီး ကြက်ကောင်ရေ (၂၅၄) ကောင်နှင့် နို့စားနွားမွေးမြူထားသည့်အိမ်ထောင်စု (၆)အိမ်ရှိပြီး နွားကောင်ရေ (၂၁)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုလုပ်ကိုင် နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်

ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိအိမ်ထောင်စုများသည် ယာဉ်မောင်းလုပ်ငန်း၊ ရာသီအလိုက်နေ့စား အလုပ်များ၊ ဈေးအရောင်းအဝယ်လုပ်ငန်း များစသည်ဖြင့်အခြား ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ကျေးရွာတွင်စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးမှု လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု အားနည်းပါသည်။ ထို့ကြောင့်အလုပ်အကိုင်အခွင့်အလမ်း များနည်းပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်သူများသည် စိုက်ပျိုးစရိတ်ချေးငွေများရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ (၁)ဧက (၁၅၀၀၀)သိန်းနှုန်းဖြင့် အများဆုံး (၁၀)ဧကအထိ ချေးယူနိုင် ကြပါသည်။စိုက်ပျိုးရေးစရိတ်ကို သီးနှံအလိုက်ချေးယူရရှိပါသည်။ကျေးရွာတွင် သမဝါယမ အသင်းကိုလည်းဖွဲ့စည်းထား၍ ချေးငွေများလည်းရရှိပါသည်။မွေးမြူရေး လုပ်ငန်းများနှင့် စိုက်ပျိုး၊မွေးမြူရေးမဟုတ် သောအသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာ လိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများနည်းပါးကြပါ သည်။ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည် ချေးငွေများရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ရန်ကားကြီး(၅)စီး၊ မော်တော်ဆိုင် ကယ် (၂၃၂)စီး၊ သုံးဘီး ဆိုင်ကယ် (၁)စီး၊ ထော်လာကျီ (၂)စီးတို့ကို ကုန်းလမ်းပေါက်ချိန်တွင် အသုံးပြုကြပါသည်။ကျေးရွာတွင် စက်ဘီး (၂၈)**စီး**နှင့် နွားလှည်း (၁၁၀)စီးစသည်ဖြင့် သယ်ယူ ပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ မြစ်ရေတိုးချိန်တွင် ရေလမ်းကြောင်းဖြင့် လှေ ၊သမ္ဘာန်(၉၁)စီးဖြင့်သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင်မဟာဓာတ်အားလိုင်းရရှိပြီး (၂၄)နာရီမီးရရှိပြီးဖြစ်ပါသည်။ မီတာရရှိပြီး အိမ်များမှာ အသုံးပြုနေပြီဖြစ်ပြီး မီးကြိုးမဆွဲရသေးသောအိမ်များမှာ ဆိုလာမီးကို အသုံးပြုလျှက်ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ချွန်းတောင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၄၃၄)လုံး၊ တီဗွီ (၉၁)လုံး၊ ဂြိုလ်တုစလောင်း (၇၈)လုံးနှင့်ရေဒီယို(၄၈)လိုး စသည်တို့မှ ရရှိသည့်အပြင် အနီးအနားရှိကျေးရွာမှ ဆက်သွယ်ရေးတာဝါတိုင်များရှိသည့်အတွက် ဆက်သွယ်ရေး နှင့်သတင်းအချက်အလက်များ ရရှိပါသည်။

၆။ ပညာရေး

ချွန်းတောင်ကျေးရွာရှိ ကျောင်းသား/သူများသည် အ.ထ.က(ခွဲ) အဆင့်ဖြင့် ပညာသင်ကြားလျှက်ရှိပါသည်။ကျောင်းတွင် အစိုးရခန့်ဆရာ/မများနှင့် အရပ်ခန့်ဆရာ/ **ဆရာမ**များလည်းရှိပါသည်။ အထက်တန်းကျောင်းခွဲဖြစ်သည့်အတွက် ဆရာ/ဆရာမ လိုအပ်နေပါသည်။ ကျောင်း**သုံး**ပရိဘောဂများလည်း လိုအပ်ပါသည်။

ကျေးရွာတွင် စာမတတ်သူ(၁)ဦးသာရှိပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သူများမှာလူဦးရေ၏ (၆၀.၇၄)ရာခိုင်နှုန်းအထိများပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၁.၇၄)ရာခိုင်နှုန်း၊အထက်တန်းအဆင့် စာတတ်မြောက်သူ များမှာ (၂.၀၁)ရာခိုင်နှုန်းနှင့် တကသိုလ်အဆင့် စာတတ်မြောက်သူများမှာ (၃.၃၆)တို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနရှိသောကြောင့် ဆရာမမှ ကာကွယ်ဆေးများလစဉ်တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်ကာကွယ်ဆေးများ ထိုးနှံပေးခြင်း ကျေးရွာသူ/သားများကိုလည်းကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါသည်။ ညောင်ပင်သာ တိုက်နယ်ဆေးရုံနှင့် (၅)မိုင်ခန့်ကွာဝေးသော်လည်း အရေးပေါ်အခြေအနေတွင် ဆေးရုံကြီးသို့ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့် အခက်အခဲနည်းပါးပါသည်။ ကျေးရွာသူ/သားများသည် ကျန်းမာရေးဆေးပေးခန်းရှိသော်လည် ကျန်းမာရေးအသိအားနည်းကြပါသည်။

ကျေးရွာတွင် သောက်သုံရေအား စက်တပ် အဝီစိ/တုံကင်တွင်းများမှ ရေများကိုအသုံးပြုကြပါသည်။သန့်ရှင်းသောသောက်သုံးရေစနစ်မရှိသော်လည်းရေအခက်အ

ခဲမရှိပါ။ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာ သုံးစွဲသူအိမ်ထောင်စု(၂၂)စုနှင့် တွင်း/ဧလားအိမ်သာ သုံးစွဲသူအိမ်ထောင်စု(၁၈၂)စုရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ချုန်းတောင်ကျေးရွာတွင် လက်လုပ်လက်စားကျပန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ချုန်းတောင်ကျေးရွာတွင် တွင်းထွက်သယံဇာတများမရှိပါ။ သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ ပေါများပါသည်။မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့်သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ သွေးတိုးရောဂါနှင့်ဆီးချိုရောဂါ ဖြစ်ပွားသည့်လူနာအနည်း ငယ်ရှိပါသည်။ရာသီကူးပြောင်းမှုများတွင်ဖြစ်ပေါ်သော ကြက်၊ ဝက်ဆိုင်ရာ ရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

၉။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ချုန်းတောင်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသားများတက်ကြွစွာပါဝင် ဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင်လည်း အမျိုးသားများ တက်ကြွစွာပါဝင်ဆောင်ရွက်နေကြပါသည်။အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့်တရားနည်းဥပဒေဆိုင်ရာ အသိပညာများအားနည်း ကြပါသည်။ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမာန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟုယေဘူယျပြောနိုင်ပါသည်။ သို့သော်နေ့တွက်လုပ်အားခများတွင်လည်း အမျိုးသားနှင့်အမျိုးသမီးများသည် တန်းတူညီမျှ ရရှိပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ချွန်းတောင်အုပ်စု			ကျေးရွာအမည် – ချွန်းတောင်ကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	သက်ဆိုင်ရာ အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများစီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	သဘာဝဓါတ်မြေဩဇာထုတ်လုပ်ခြင်းသင်တန်းများဖွင့်လှစ်ပေးခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	သိပ္ပံနည်းကျစိုက်ပျိုးထုတ်လုပ်ခြင်းသင်တန်းများဖွင့်လှစ်ပေးခြင်း။	
၆	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။	
၇	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	

ကျေးရွာအုပ်စုအမည် – ချွန်းတောင်အုပ်စု			ကျေးရွာအမည် – ချွန်းတောင်ကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁၂	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၃	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများလုံလောက်စွာဖြည့်တင်းခြင်း။	
၁၄	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းတွင်းပညာရေးသရုပ်ပြစာစောင်များ ဗဟုသုတစာစောင်များထားရှိခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းခြံစည်းရိုး သံဇကာ ပတ်လည်ကာရံခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းဆောင်တစ်ဆောင်ဆောက်လုပ်ရန်လိုအပ်ခြင်း။	
၁၇	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	သားဖွား၊အရံသားဖွားသင်တန်းများတက်ရောက်နိုင်ရန်သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ခြင်း	
၁၈	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	ရာသီအလိုက်ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးခြင်း။	
၁၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာမိန်းလမ်းမကြီးအား မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း	
၂၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း။	
၂၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာတွင်းချောင်းကူးသစ်သားတံတားအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း။	
၂၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ခြင်း။	
၂၃	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်း များ ဖြည့်တင်းခြင်း။	
၂၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်နိုင်ခြင်း။	
၂၅	လူငယ်နှင့်အားကစား	အားကစား	အားကစားဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း	

ကျေးရွာအုပ်စုအမည် – ချွန်းတောင်အုပ်စု			ကျေးရွာအမည် – ချွန်းတောင်ကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၂၆	သယံဇာတနှင့် သဘာဝပတ် ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	
၂၇	ဆက်သွယ်ရေး		ဆက်သွယ်ရေးဧရိယာတိုင် တပ်ဆင်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	

ချွန်းတောင်ကျေးရွာ၊ ချွန်းတောင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသန်းထိုက်စိုး	ဦးဝင်းမော်	၅/ရဘန(နိုင်) ၁၄၃၉၆၇	၃၈	ဥက္ကဋ္ဌ	၀၉-၂၅၆၁၈၂၇၆၅
၂	ဦးဝင်းစိုး	ဦးဖိုးရီ	၅/ထခန(နိုင်) ၀၅၇၇၉၆	၃၉	အတွင်းရေးမှူး	၀၉-၄၀၂၆၆၂၅၆၀
၃	ဦးမောင်ရွှေ	ဦးမြသောင်း	၅/ထခန(နိုင်) ၀၃၉၅၉၉	၅၀	စာရင်းကိုင်	၀၉-၄၅၅၇၃၅၇၅
၄	ဦးနှင်းစိုးဦး	ဦးဝင်းရွှေ	၅/ထခန(နိုင်) ၀၇၄၆၂၃	၂၈	ဘဏ္ဍာရေးမှူး	၀၉-၂၆၅၇၇၅၄၂၀
၅	ဒေါ်ခင်ချိုဝင်း	ဦးသန်းဖေ	၅/ထခန(နိုင်) ၀၃၈၇၂၇	၄၄	အဖွဲ့ဝင်	၀၉-၄၀၉၀၆၆၀၈၅
၆	ဒေါ်ခင်မြတ်ကြူ	ဦးကြည်ဝင်း	၅/ထခန(နိုင်) ၀၇၄၄၇၉	၃၈	အဖွဲ့ဝင်	၀၉-၄၀၉၀၇၀၁၆၇
၇	ဒေါ်ကြည်ခိုင်	ဦးထွန်းကြည်	၅/ထခန(နိုင်) ၀၃၈၆၆၆	၅၃	အဖွဲ့ဝင်	၀၉-၄၂၆၆၉၃၁၇၃

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) ချွန်းတောင်ကျေးရွာ၏လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၄	၁၀	၂၄
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၄၂	၃၇	၇၉
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၉	၃၆	၉၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၂	၄၈	၁၀၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၂၃	၄၀၉	၈၃၂
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၀	၂၁	၄၁
စုစုပေါင်း		**၆၁၀**	**၅၆၁**	**၁၁၇၁**
စုစုပေါင်း အိမ်ထောင်စု		**၂၆၆**		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ချွန်းတောင်ကျေးရွာသည် အိမ်ထောင်စု(၂၆၆)စု၊ လူဦးရေ(၁၁၇၁)ဦး ရှိပါသည်။ချွန်းတောင်ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၂.၀၄%)၊ (၅)နှစ်အောက်ကလေးငယ် (၆.၇၅%)၊မူလတန်းကျောင်းသားအရွယ် (၈.၁%) ၊အလယ်တန်း ကျောင်းသားအရွယ်(၈.၅၃%)၊အလုပ်လုပ်နိုင်သည့်အရွယ်(၇၁.၀၅%)၊သက်ကြီးရွယ်ကြီး(၃.၅%)ရှိပါသည် ။ပျမ်းမျှအနေဖြင့်အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၈.၈၆%)ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ်ကျား (၄၂၃)ဦး၊မ (၄၀၉)ဦးစုစုပေါင်း (၈၃၂)ရှိပြီးတစ်ရွာလုံးလူဦးရေ၏ (၇၁.၀၅%) ရှိပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၅)ဦးနှုန်းခန့်ရှိသောကြောင့် ကျေးလက် အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅) ဦးနှုန်းရှိနေပါသည်။ ကျေးရွာ အတွင်းအလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက်လူသား အရင်းအမြစ်ကောင်းများအဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅၆	၂၀၇	–	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၅၄	၁၀၈	–	မြင့်□လတ်✓နိမ့်☒
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်☒နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်☒နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင်လုပ်ငန်း	၂	၂	–	မြင့်□လတ်✓နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	–	မြင့်□လတ်✓နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁	၁၅	–	မြင့်□လတ်✓နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်☒
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၅	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်☒
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	မြင့်□လတ်✓နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်☒နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	-	မြင့်□လတ်✓နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	မြင့်□လတ်✓နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၃၄	၇၀	-	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၂၆၆	၃၀၄	-	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ချန်းတောင်ကျေးရွာသည် အလုပ်လုပ်ကိုင်နိုင်သူအများအပြားရှိသည့် အနက် စိုက်ပျိုးရေးကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများနှင့် စိုက်ပျိုးမြေယာများကို အငှားလုပ်သူများ လည်းရှိပါသည်။စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဖြင့်လုပ်ကိုင်သော မိသားစုများမရှိသော်လည်း တစ်ပိုင်တစ်နိုင်အိမ်စားရုံမှ မွေးမြူရေးလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။ဝန်ထမ်းလုပ်ကိုင်သူ မိသားစုများလည်းရှိပြီး ပို့ဆောင်ရေးကဏ္ဍတွင် ကားမောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလုပ်ကိုင်သူအနည်းငယ်ရှိပါသည်။ကျေးရွာအတွင်း တစ်ပိုင်တစ်နိုင် ဈေးရောင်းသူ အနည်းငယ်သာရှိပြီး အခြားအသက်မွေးမှုနည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စုနည်း ပါးသဖြင့် ကျေးရွာ၏ အချို့သောအလုပ်လုပ်နိုင်သည့်သူများသည် တခြားသောပြည်တွင်း/ပြင်ပ နိုင်ငံများတွင်သွားရောက်လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၆၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၆၀၀၀	၅၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	သင်တန်းပေးသူ စသည်)					
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ချွန်းတောင်ကျေးရွာသည် တောင်သူအများစုက မိမိသီးနှံများ ရိတ်သိမ်းချိန်တွင် မိသားစုများနှင့် မနိုင်နင်းပါက လုပ်သားများကို ငှားရမ်းရပါသည်။ လုပ်သားများကို ငှားရမ်းရာတွင် ယခင် ကျား ၅၀၀၀၊ မ ၅၀၀၀ ပေး၍ ငှားရပါသည်။ ယခုအခါ လုပ်သားများရှားပါးမှုကြောင့် အလုပ်ငှားရမ်းခများ ဈေးကြီးပေး၍ ငှားရမ်းနေရပါသည်။ အလုပ်ငှားရမ်းခများ ပို၍ဈေးကြီးပေးနေရခြင်းမှာ ရွှေ့ပြောင်းအလုပ်သမားများ များပြားခြင်းကြောင့် ဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၀	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၆၇	ကောင်း ☐	သင့်	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁	ကောင်း ☐	သင့်	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၁၀၃၁	ကောင်း ☐	သင့်	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၂၃၈	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ချွန်းတောင်ကျေးရွာတွင်လယ်မြေ (၄၀)ဧက၊ယာ/တောင်ယာမြေ (၁၆၇)ဧက၊ ကိုင်းကျွန်းမြေဧက (၁၀၃၁)နှင့်ဥယျာဉ်ခြံမြေဧက (၁)ဧကရှိပါသည်။လယ်မြေအနည်းငယ်နှင့် ကိုင်းကျွန်းမြေတို့သည်မြေဆီလွှာ အသင့်အတင့်သာ ကောင်းမွန်၍ သီးနှံထွက်သင့်သလောက်မထွက်ပေ။သီးနှံများသည်ပိုးနှင့် ရောဂါများကျရောက်ခြင်းကြောင့် တောင်သူအများစုတို့၏ ဘဝသည် အဆင်မပြေဖြစ်နေရ

သည်ကိုလေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ✓ သင့်☒ နည်း☒ မရှိ☐	လွယ်✓ခက်☒ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း✓မရှိ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း✓ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ချွန်းတောင်ကျေးရွာရှိ ပတ်ဝန်းကျင်ရှိ ချောင်းမြောင်းတို့တွင် ကျောက်အနည်းငယ် နှင့် သဲများကို အလွယ်တကူရရှိနိုင်ပါသည်။ မင်းဝံတောင်တန်းကြီးနှင့် အလွန်မဝေးကွာသောကြောင့် သဘာဝအပင်မျိုးစိတ်များဖြစ်သည့် နွားစားဆေးဘက်ဝင်အပင်များဖြစ်သော နွယ်ချို၊ ကရင်မလင်း၊ဆင်တုံးမနွယ်၊ သဘာဝတိရိစ္ဆာန်မျိုးစိတ်များဖြစ်သော ချေ၊ ဂျို၊ တောဝက်များကိုလည်း တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင် စု
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၄	၁၄၂	၈၄	၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ချွန်းတောင်ကျေးရွာရှိ အိမ်ထောင်စုဝင်များအား ဥစ္စာဓန ပိုင်ဆိုင်မှု အဆင့်အတန်း သတ်မှတ်ရန်ဆွေးနွေးခဲ့ရာ အဆင့်လေးဆင့်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြပြီး အချမ်းသာဆုံး A အဆင့်တွင် အိမ်ထောင်စု ၃၄ စု ၊ အလယ်အလတ် B အဆင့်တွင် ၁၄၂ စု၊ ဆင်းရဲသော C အဆင့်တွင် ၈၄ စု၊ အလွန်မပြေလည်သော အိမ်ထောင်စု ၆ စု၊ သတ်မှတ်ရန် အတည်ပြု ဆုံးဖြတ်ခဲ့ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၉	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = ___၅___ လုပ်အားခကြိုယူ= ___၁၄_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၈	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = ___၃___ လုပ်အားခကြိုယူ= ___၅_____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ချွန်းတောင်ကျေးရွာ သည် (၃)နှင့် (၄) အိမ်ထောင်စုပေါင်း၏ (၃၀) ရာခိုင်နှုန်း ဖြစ်သော အိမ်ထောင်စုများအား စစ်တမ်းကောက်ယူခဲ့ရာ(C)အဆင့်ရှိသော မပြေလည်သော အိမ် ထောင်စုနှင့် (D) အဆင့်ရှိသော အလွန်အပြေလည်သော အိမ်ထောင်စုတို့မှ ကျေးလက် သမဝါယမ ဘဏ်နှင့် မြို့နယ်စိုက်ပျိုးရေးဘဏ်များမှ ချေးယူသော်လည်း ဝမ်းစာဖူလုံမှုရှိပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ချွန်းတောင်ကျေးရွာတွင် (၆၅)နှစ် အဘိုးအဘွားများသည် မိသားစု၏ စောင့်ရှောက်မှုအောက်တွင် စိတ်အေးချမ်းသာစွာ နေထိုင်ကြပါသည်။ဆင်းရဲ၍အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများရှိသော်လည်း မိသားစုစားဝတ်နေရေးပြေလည်၍ ကျန်းမာရေးစောင့်ရှောက်မှုရရှိပါ သည်။မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စုများ ရှိသော်လည်း မိသားစုစားဝတ်နေရေး အသင့်အတင့်ပြေ လည်ပါသည်။အခြားဒေသသို့ ကြာမြင့်စွာသွားရောက်လုပ်ကိုင်နေသည့် အိမ်ထောင်စုမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ✓
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ 🏂
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ 🏂
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်🏂	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၃	တိဘီရောဂါ	မြင့် ☐	လတ်☐	နိမ့်✓	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ချွန်းတောင်ကျေးရွာသည် ဝမ်းစာဖူလုံမှုမရှိသော အိမ်ထောင်စုများမရှိပါ။ သဘာဝအရင်းအမြစ်ဖြစ်သော စိုက်ပျိုးရေးမြေများရှိပြီး ခါတ်မြေဩဇာပိုးသတ်ဆေးတို့ကို သုံးစွဲခြင်း ကြောင့်သီးနှံများအတော်အသင့်ရရှိပြီး စားနပ်ရိက္ခာအတွက် လုံလောက်မှုရှိကြောင်းတွေ့ရှိရပါသည်။ သဘာဝဘေးအန္တရာယ် ထိခိုက်လွယ်မှုအခြေအနေနှင့်ပတ်သက်၍ ချွန်းတောင်ကျေးရွာသည် ကျောက်သားကုန်းမြေဖြစ်သောကြောင့် သဘာဝဘေးအန္တရာယ် ထိခိုက်လွယ်မှုမရှိပါ။ကျန်းမာရေးနှင့် ပတ်သက်၍ ရာသီကူးပြောင်းတွင်ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါအပြင် အခြားရောဂါများမရှိသည် ကိုတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐လတ် ☐နိမ့်✓မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐လတ် ☐နိမ့်✓မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐လတ် ☐နိမ့်✓မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐လတ် ☐နိမ့်☐မရှိ ✓
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐လတ် ☐နိမ့်☐မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐လတ် ☐နိမ့်☐မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐လတ် ☐နိမ့်✓မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ☐မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ✓

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □လတ် □နိမ့်🗹မရှိ □
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် □လတ် □နိမ့်□မရှိ 🗹
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် □နိမ့်🗹မရှိ □
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □လတ် □နိမ့်🗹မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ချွန်းတောင်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုနှင့် လက်လုပ်လက်စားကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများရှိသော်လည်း ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် အနည်းငယ်သာထိခိုက်ခံစားနိုင်ပါသည်။မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း ၊အသက်မွေးမှုနည်းပညာ အားနည်းခြင်းတို့ကြောင့် ပြည်တွင်းရှိအခြားမြို့များသို့ သွားရောက်အလုပ်လုပ်ခြင်းဖြစ်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူလတ် အဖွဲ့	၁□ ၂🗹၃□	၇	-	၇	ပညာရေး🗹ငွေကြေး□ ကျန်းမာရေး□ဘာသာရေး🗹 စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး 🗹 လုံခြုံရေးနှင့် ကာကွယ်ရေး🗹	ကောင်း 🗹 သင့် □ ညံ့ □
၂	အမျိုးသမီး အဖွဲ့	၁□ ၂□၃🗹	၅	-	၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး🗹 စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း✓ သင့် □ ညံ့ □
၃	လူငယ်အဖွဲ့	၁□ ၂🗹၃□	၅	-	၅	ပညာရေး🗹ငွေကြေး□ ကျန်းမာရေး□ဘာသာရေး🗹 စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး 🗹	ကောင်း🗹 သင့် □ ညံ့ □

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး☐	
၄	လယ်သမား အဖွဲ့	၁✓ ၂☐၃☐	၇	-	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း✓ သင့် ☐ ညံ့ ☐
၅	ရပ်မိရပ်ဖ အဖွဲ့	၁☐ ၂✓၃☐	၇	-	၇	ပညာရေး✓ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၆	ချက်ပြုတ်ရေး အဖွဲ့	၁☐ ၂✓၃☐	၇	-	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၅	လူပျို အပျိုအဖွဲ့	၁☐ ၂✓၃☐	၇	၅	၁၂	ပညာရေး✓ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ✓ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ချွန်းတောင်ကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင်အမျိုးသမီးများ ပါဝင်ခြင်း မရှိသော်လည်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း၍ ဆောင်ရွက်ကြပါသည်။ရပ်မိရပ်ဖ၊လူလတ်၊လူငယ်အဖွဲ့များမှာလည်း ကျောင်း၏လိုအပ်ချက်များနှင့် ကလေးများပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန် အလေးထားဆောင်ရွက်နေပါသည်။ချက်ပြုတ်ရေးအဖွဲ့နှင့် လူပျိုအပျိုအဖွဲ့တို့သည် ကျေးရွာ၏သာရေးနာရေးနှင့် အခြားသောပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်းလုပ်ကိုင်နေကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	**အဖွဲ့အစည်း အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	၁☐ ၂☐၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

